# လူ့အခွင့်အရေးကိုခုခံကာကွယ်သူ ထန်းမနိုင်ရွှာသူမစုစုနွေးနှင့် တရားဥပဒေစိုးမိုးမှုမရှိသည့်မြန်မာနိုင်ငံ

မင်းမြတ်ကျော်

လူ့အခွင့်အရေးများချိုးဖေါက်ခံရခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ နှိပ်စက်ညှင်းပန်းခြင်း၊ အဓမ္မပြုကျင့်ခံရခြင်း၊ အဓမ္မငွေကြေးကောက်ခံခြင်း၊ နှင့် လယ်ယာမြေအဓမ္မသိမ်းယူခံရခြင်းတို့ကို မြန်မာပြည်သူ များရင်ဆိုင်ခဲ့ကြရသည် မှာ ၁၉၈၈ မှ ယနေ့တိုင်ပင်ဖြစ်သည်။ လူ့အခွင့်အရေးချိုးဖေါက်မှုများအနက်အဓမ္မလုပ်အားပေးစေခိုင်းခြင်းခံရမှုများသည် သာမန်လုပ်သားပြည်သူ များ နေ့တဓူ၀ ရင်ဆိုင်နေရသည့်ပြဿနာဖြစ်သည်။ မြန်မာနိုင်ငံတဝှမ်း နအဖ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို အကြောင်းပြု၍ အဓမ္မလုပ်အားပေးစေခိုင်းခြင်း များကိုပြည်သူများအနေဖြင့် လုံး၀ငြင်းဆန်နိုင်ခြင်း မရှိပဲလုပ်ဆောင်နေရသည်မှာနှစ်ပေါင်းများစွာကြာမြင့်လှပြီဖြစ်သည်။

အဓမ္မလုပ်အားပေးခိုင်းစေမှုများအနက် ရထားသံလမ်းကင်းစောင့်ရခြင်း နှင့် လျှပ်စစ်ဓါတ်အား ပေးမီး တိုင်များကိုအခမဲ့ ကင်းစောင့်ပေးနေရသည်မှာ နိုင်ငံတကာမှပြည်သူများအဖို့စဉ်းစားနားလည်၍ပင်မရနိုင်သည့် ကိစ္စ ရပ်ဖြစ်နေသည်။ အဓမ္မလုပ်အားပေး ခိုင်းစေမှုများမပြုလုပ်ရန် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ကြီးက တားမြစ် ထားသည်။မြန်မာနိုင်ငံ သည်လည်းအဓမ္မလုပ်အားပေးခိုင်းစေမှုများပပျောက်စေရန်ဆောင်ရွက်မှုများတွင် ပူးပေါင်းပါ ၀င်ဆောင်ရွက်ရန် နှင့်ဆုံးဖြတ်ချက်များကိုလိုက်နာရန် သဘောတူ လက်မှတ်ရေးထိုးထားသည့်နိုင်ငံတနိုင်ငံ ဖြစ် သည်။အဓမ္မလုပ်အားပေးခိုင်းစေမှုများကို သက်ဆိုင်ရာအစိုးရအာဏာပိုင်အဖွဲ့အစည်းများကလည်း ဆင့်ဆိုခြင်းမပြုလုပ်ကြရန်ပြည်ထဲရေးဝန်ကြီးဌာနမှ့အမိန့်ညွှန်ကြားလွှာများပေးပို့၍အသိပေးတားမြစ်ထားသည်၊ သို့သော်အဓမ္မလုပ်အားပေးခိုင်းစေမှုများ ယနေ့ တိုင် ရှိနေသည်။ အဘယ်ကြောင့်နည်း ခိုင်းစေခြင်း ခံရသည့်သူများက သက်ဆိုင်ရာအာဏာပိုင်များ ကိုမတိုင်ကြား သည့်အတွက် ဟုသာမန်အား ဖြင့်ပြောနိုင်ပါသည်။ အဓမ္မခိုင်းစေခြင်းမပြုရန်ဥပဒေပြဌာန်းချက်များရှိပါလျက်နှင့်ဘာကြောင့်မတိုင်ကြားသလဲဆိုသည်ကိုလည်းနိုင်ငံတကာမှ ပြည်သူများသိလိုကြပေလိမ့်မည်။ အဓမ္မလုပ်အားပေးခိုင်းစေခြင်းမပြုရန်သက်ဆိုင်ရာအာဏာပိုင်များ သို့တိုင်ကြားခဲ့သည့်အမှုများရှိခဲ့ပါသည်။

## အဓမ္မလုပ်အားပေးခိုင်းစေခြင်းကိုအရေးယူပေးရန်တိုင်ကြားခဲ့သည့်မှုခင်းများ

၁။ မစုစုနွေးကကျေးရွာအာဏာပိုင်များကို တရားစွဲဆိုမှုသည် ပထမဆုံးမဟုတ်ပါ၊ ဟင်္သာတမြို့နယ်၊ အုပ်ပုံကျေးရွာမှ ဦးခင်ဇော်နှင့်ဦးအုံးမြင့် တို့သည်ပထမဖြစ်ပါသည်။ ထိုသူများ၏ အဓမ္မလုပ်အားပေးခိုင်းစေမှုများကို အရေး ယူပေးပါရန် ဦးတိုက်လျှောက်ထားတရားစွဲဆိုသည့် အမှုကိုမြို့နယ်တရားရုံး တရားသူကြီးဒေါ်ဌေးဌေးဝင်းက ပလပ် ခဲ့ပါသည်၊ ထိုသူများ ကိုကျေးရွာဥက္ကဌက မမှန်သတင်းပေးတိုင်ကြားမှုဖြင့် တဖန်ပြန်လည်တရားစွဲဆိုခြင်းခဲ့သည်။ ထိုအမှုတွင် ဒဏ်ငွေ (၁၀၀၀၀) မပေးဆောင်နိုင်ကထောင်ဒဏ် (၆)လကျခံစေရန် မြို့နယ်တရားရုံး၊ တရားသူကြီး ဒေါ်ဌေးဌေးဝင်းကအမိန့်ချမှတ်ခဲ့သည်။ တရားခံများကထောင်ဒဏ်ကျခံရန်ရွေးချယ်ခဲ့သည်။ ထိုကဲ့သို့ လူ့အခွင့်အရေးချိုးဖေါက်ခံရမှုနှင့်မတရားတရားစွဲဆိုခြင်းကိုဥပဒေနှင့်အညီဆောင်ရွက်ပေးပါရန်ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်နှင့်နိုင်ငံတကာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်အဖွဲ့များ၏တောင်းဆိုမှုကြောင့် တရားရုံးသို့ စစ်ထောက်လှမ်းရေးမှပင် အဆိုပါတရားခံ (၂)ဦး အတွက် ထိုင်သင့်သည့် ဒဏ်ငွေကိုပေးဆောင်ခဲ့သဖြင့် မတရားတရားစွဲဆိုခြင်း ခံရသည့်ကိုခင်ဇော်နှင့်ဦးအုံးမြင့်တို့ပြန်လည်လွတ်မြောက်လာခဲ့သည်။

၂။ မစုစုနွေး၏ အမှုတွင် ကျေးရွာအာဏာပိုင်များအား အဓမ္မလုပ်အားပေးခိုင်းစေမှုဖြင့် အရေးယူပေးပါရန် တရားရုံးသို့ဦးတိုက်လျှောက်ထားတရားစွဲဆိုသည့်အမှုတွင်တရားခံများဖြစ်သောကျေးရွာအာဏာပိုင်အဖွဲ့၀င်များ

အားအပြစ်ပေးအရေးယူခဲ့သည်။သို့သော်ကျေးရွာအာဏာပိုင်များဖက်ကမတရားအမှုဆင်၍ပြန်လည် တရားစွဲဆိုခြင်းကိုလည်းမစုစုနွေးရင်ဆိုင်ခဲ့ရသည်။
မတရားအမှုဆင်၍ တရားစွဲဆိုထားသည့်အမှုမှန်သော်လည်း မစုစုနွေးသည် ထောင်ဒဏ် (၁) နှစ်နှင့် (၆)လ ပြစ်ဒဏ်ချမှတ် ခြင်းကိုခံခဲ့ရသည်။

၃။ ဒိုက်ဦးမြို့နယ်ဖေါင်တော်သီကျေးရွာမှ လယ်သမား(၁၅)ဦး၏ နွားစားကျက်မြေများအဓမ္မသိမ်းယူသည့်ကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့ရှိ ကမ္ဘာ့ အလုပ်သမားအဖွဲ့ချုပ်ထံ သတင်းမှားပေးသည်ဟုဆိုကာ ပဲခူးမြို့မှရှေ့နေဦးအေးမြင့်အား အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅ (င)အရ ထောင်ဒဏ် (၇) နှစ်ပြစ်ဒဏ် ချမှတ် ခြင်းခံရ သည်။ ဦးအေးမြင့်သည် ၂၀၀၃ ခုနှစ်ကလည်း အလားတူဖမ်းဆီးခံရပြီး ထောင်ဒဏ် တသက် ချမှတ် ခြင်းခံခဲ့ရပါသည် ။ ထို့နောက်ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ကြီးနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ တောင်းဆိုမှု များကြောင့်၂၀၀၅ ခုနှစ်အစောပိုင်းတွင်စစ်အစိုးရက ထောင်ဒဏ် လျော့ပေါ့ ပေးသဖြင့် ပြန်လည်လွတ်မြောက်ခဲ့သူဖြစ်ပြီးယခုအကြိမ် သည်ဒုတိယမြောက်အဖမ်းခံရခြင်းဖြစ်သည်။

၄။ ထို့အတူ ဒေသဆိုင်ရာအာဏာပိုင်များ၏ အဓမ္မလုပ်အားပေးခိုင်းစေမှုကြောင့် အောင်လံမြို့နယ်အတွင်းရှိ ငပျင်းရွာသား ကိုဝင်းလွင် သေဆုံးမှု နှင့်ပတ်သက်၍ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ထံ တိုင်ကြားရာတွင်အကူအညီ ပေးခဲ့သည့် ဦးသိန်းဇံ၊ ကိုဇော်ဌေး နှင့် ကိုအောင်သန်းထွန်း တို့ကိုလည်း နယ်မြေခံအာဏာပိုင်များကသတင်းမှား ပေးမှု နှင့်ပင် တရားစွဲဆိုထားသည်။

၅။ ထို့သို့မြန်မာပြည်သူများကို အာဏာပိုင်တို့က အပြစ်ပေးအရေးယူခဲ့သည့်အပြင်ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ၏ မြန်မာနိုင်ငံဆိုင်ရာတာဝန်ခံ ဖြစ်သူ ရစ်ချက်ဟိုဆေးထံသို့ ခြိမ်းခြောက်စာများပေးပို့ခဲ့ပါသည်။ မြန်မာ နိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နေသည့် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ၏အရာရှိများမြန်မာနိုင်ငံမှ အမြန်ဆုံး ထွက်လျင်ထွက်၊ မထွက်လျင် ခေါင်းဖြတ် သတ်ဖြတ်ခြင်းခံရလိမ့်မည်ဟုစစ်အစိုးရအာဏာပိုင်များကခြိမ်းခြောက်စာ (၂၁) စောင်ပေးပို့ခဲ့ ပါသည်။[၁]

ထိုသို့သောအာဏာပိုင်များ၏ ခြိမ်းခြောက်မှုများ၊ မတရားဖမ်းဆီးထောင်ချမှုများ ကိုရင်ဆိုင်နေရသည့်ကြားမှပင်လူ့အခွင့်အရေးချိုးဖေါက်ခံရမှုများကို တရားဥပဒေနှင့်အညီ ဆောင်ရွက်ပေးပါ ရန်တောင်းဆိုမှုများကို အာဏာပိုင် တို့ရင်ဆိုင်နေရသည်။

လူတဦး၏အခြေခံအခွင့်အရေးဆိုသည်မှာအဘယ်နည်း

အလွယ်ကူဆုံးပြောရလျှင်နေ့တဓူဝ သက်ရှင်နေထိုင်ရေးအတွက်လွတ်လပ်စွာ နှင့်အကြောက်တရားကင်းစွာ ရှင်သန်လှုပ်ရှားရုန်းကန် နေထိုင်နိုင် ခွင့်တို့ပင်ဖြစ်သည်။
လူ့အခွင့်အရေးကိုခုခံကာကွယ်စောင့်ရှောက်သူများသည် မိမိ၏အကျိုးအတွက်မဟုတ် မိမိတို့ကဲ့သို့ မတရားမှုများကိုရင်ဆိုင်နေရ သူများအတွက်မိမိ၏ကိုယ်ကျိုးကိုမငဲ့ကွက်ပဲ အများ၏အကျိုးအတွက် အနစ်နာခံဆောင်ရွက်မှုများဖြစ်သည်ကိုတွေ့ရမည် ဖြစ်သည်၊ အမှုများကိုရင်ဆိုင်ဖြေရှင်းသည့်ကိစ္စရပ်များတွင်ထိုသူတို့မှာ သာမန် အမျိုးသမီးများ ပင်ဖြစ်ပြီးအချို့မှာငွေကြေးတတ်နိုင် သူများပင် မဟုတ်ပါ။ အမှုအခင်းများကိုရင်ဆိုင်ဖြေရှင်းရာတွင် မိမိအလိုကျရှေ့နေ များကိုပင် မငှားရမ်းနိုင်ကြပေ၊ သို့သော် စိတ်ဓါတ်မကျ အမှန်တရားအတွက်ရဲရဲဝံ့ဝံ့ရင်ဆိုင်၍ဖြေရှင်းကြသည်။
အမှန်တရားနှင့်တရားမျှတမှုကိုလက်ငင်းခံစားရမည့်အရေးမှာမသေချာသည်ကိုထိုသူများသိလျက်နှင့်မိမိတို့ရှေ့ဆက်

---

၁။ ဒီဗွီဘီ သတင်းဌာနနှင့် မစ္စတာ ရစ်ချက်ဟိုဆေးတွေ့ဆုံမေးမြန်းချက်။ ၂၈ အောက်တိုဘာ ၂၀၀၅ သတင်းထုတ်လွှင့်ချက်

လျောက်လှမ်းရမည့် ခရီးကိုကြောက်ရွံ့ခြင်းကင်းစွာဖြင့်ရင်ဆိုင်ဖြေရှင်းသည်ကို သာမာန် ယောက်ျားလေးတဦးပင် စွမ်းဆောင်နိုင်ရန်ခဲယဉ်းသည့်ကိစ္စကိုအမျိုးသမီးများကဦးဆောင်၍ လုပ်ဆောင်ခဲ့သည်မှာ အလွန်တရာပင်လေးစား ဂုဏ်ပြု ချီးကျူးရမည် ဖြစ်သည်။
မစုစုနွေးကကျေးရွာအာဏာပိုင်များအပေါ် မတရားအဓမ္မလုပ်အားပေးခိုင်းစေခြင်းကို အရေးယူပေးပါရန် ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ် တရားရုံးတွင်ဦးတိုက်လျှောက်ထားတရားစွဲဆိုခဲ့ပါသည်။

လူ့အခွင့်အရေးကိုခုခံကာကွယ်သူ မစုစုနွေး၏ခံယူချက်မှာ

"ငါတို့လုပ်နေတာ ငါတို့ကိုယ်ကျိုးအတွက်ဘာမှမပါဘူး။ ငါတို့ မိသားစုအတွက်လဲ ဘာမှမပါဘူး။ နင်တို့ အတွက်လဲမပါဘူး။ ငါတို့ပြည်သူပြည်သားတွေဒုက္ခရောက်နေတဲ့ဘက်ကနေရပ်တည်တာ။ အဲဒီလိုရပ်တည် တာ ကို ငါတို့ကို အာဏာပိုင်တွေက တနေ့ ထောင်ချမှာပဲ သူတို့ ငါ့ကို ထောင်ထဲ သွင်းမှာ ငါ့ကို ထောင်ထဲသွင်းတာဟာ သူတို့ ငါကိုကြောက်လို့သွင်းရတာ။ ငါမှာ ဘာတာဝန်မှလဲ မရှိဘူး။ ဘာအာဏာ မှလဲမရှိဘူး၊ ဘာရာထူးမှလဲ မရှိဘူး၊ အဲဒီလိုရာထူးမရှိတဲ့သာမန်မိန်းကလေး ရောဂါသည်လေး တယောက် ကို လုပ်ကြံတယ်၊ တရားစွဲတယ်ဆိုတာ သူတို့ကြောက်လို့ တရားစွဲတာ သူတို့ကြောက်နေခြင်းဟာ တို့ဘက်က နိုင်နေခြင်းပဲလို့ ကျမသူ့ကို မနည်းဖြောင်းဖျ လုပ်ရတယ်။ ဘယ်လိုပဲကျမကို ထောင်တွေချချ၊ ဘယ်လိုပဲပြောပြော ကျမကတော့ ထောင်ကျရင်ကျသွားပါစေ။ ဒီလိုမှဝင်မလုပ်ဘူးဆိုရင်ကျမတို့ မရှိဆင်းရဲ သားတွေ၊ ဒုက္ခရောက်နေတဲ့လူတွေ ပိုဆိုးကုန်မှာပေါ့။"

ထိုသို့တရားစွဲဆိုသည့်အချိန်ကာလများတွင် မစုစုနွေးရင်ဆိုင်ခဲ့ ရသည့် အခက်အခဲများမှာ

တရားစွဲဆိုပြီးတဲ့နောက်ပိုင်းမှာပဲကျမကိုသတ်ဖို့လူငှားတာတို့သတ်ဖို့အိမ်ထဲကိုလူဝင်တာတို့အခုကြိုးကြား ကြိုးကြား (၂) ရက်ကျော် (၃) ရက်ကျော်မှာလည်း အိမ်ကိုခဏခဏလူကပ်ပါတယ်။ အဲဒီလို မျိုးလူကပ်တာ ဟာကျမကိုလုပ်ကြံဖို့ဆိုတာကျမသိပါတယ်၊ ကိုယ့်ကိုသတ်မယ်၊ လုပ်ကြံမယ်သိလျက်သားနှင့် ကျမအမှန်တ ရားအတွက်ရွာသူရွာသားတွေအတွက်အတင်းအဓမ္မလုပ်အားပေးခိုင်းခံရတယ် ၊ပြည်သူလူထုအတွက်အနစ် နာ ခံပြီး အသက်ကိုစွန့်ပြီးငါလမ်းဆုံးအောင်တိုက်မယ်ဆိုပြီးတော့ ရည်ရွယ်ချက်နဲ့ဒီတိုက်ပွဲကို ဝင်ခဲ့တာ ဖြစ်ပါတယ်[၂]

မစုစုနွေးကဲ့သို့ပင်တရားမျှတမှု နှင့်အမှန်တရားကိုရှာဖွေနေသူအခြားတဦးမှာရဲအဖွဲ့ဝင်(၂)ဦး၏အဓမ္မပြုကျင့်ခြင်းခံရသူ တွံတေးမြို့၊ မြသီတာရပ်ကွက်မှ ခလေး(၃) ယောက်မိခင် မစိုးစိုးဖြစ်သည်။ သူမ၏ခံယူချက်မှာ

လျော်ကြေးငွေ သိန်း(၆၀)ကို ဘာလို့မမက် မောသလဲဆိုတော့ မြန်မာနိုင်ငံမှာရှိတဲ့ အာဏာပိုင်တွေ၊ ရဲတွေ၊ စစ်တပ်တွေ အာဏာရှိတဲ့သူတွေကနေ ဒီလိုပဲ မကြာခဏမိန်းခလေးတွေ ကိုအဓမ္မပြုကျင့်မယ် ပြီးတော့ လျော်ကြေးငွေယူ၊ ပြီးလို့ရှိရင် အမှုကကျေပျက်သွားမယ်၊ ပပျောက်သွားတယ်၊ နေရာတိုင်း မှာအမျိုးသမီး တွေကိုယခုလိုအာဏာပိုင်တွေက အဓမ္မပြုကျင့်တဲ့ ကိစ္စမျိုးကို ဥပဒေအရထိထိရောက်ရောက် အရေးယူတာ မျိုးကိုလိုလား တဲ့အတွက်ဆင်းရဲပေမဲ့လျော်ကြေးငွေမယူပဲ တရားစွဲ ဆိုခဲ့တာပါ [၃]

စစ်အာဏာရှင်များအုပ်ချုပ်သည့် ကာလများတွင်အမှန်တရား၊ တရားမျှတမှုစသည် တို့မှာ အလွန်တရာမှ ပင်ရရန်ခက်ခဲသည့်ကိစ္စများ ပင်ဖြစ်သော်လည်းမိမိတို့အနေဖြင့် ပြုသမျှနုရမည့်အနေအထားမှ ရုန်းကန်ထွက်ရန် လိုအပ်လာပြီဖြစ်သည်။ ယခုအခါ နိုင်ငံတကာရှိ လူ့အခွင့်အရေးအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာ အစိုးရ

---

[၂] ဒီဗွီဘီ၊ ကိုမိုးအေးစီစဉ်သည့် နလုံးသားအားမာန် ထန်းမနိုင်ရွာသူသူရဲကောင်းမလေး မစုစုနွေးရဲ့ ဘဝဖြတ်သန်းမှု အပိုင်း၆
၃ ဒီဗွီဘီ ၁၆ ဩဂုတ် ၂၀၀၅ ဆက်သွယ်မေးမြန်းချက်

အဖွဲ့အစည်းများကိုယ်တိုင်ကပင် မြန်မာနိုင်ငံ၏ စစ်အာဏာရှင်အစိုးရ၏ လုပ်ဆောင်မှုများကို စောင့်ကြည့်လေ့လာနေပြီဖြစ်သည်၊ မိမိတို့ရင်ဆိုင်ခံစားနေရသည့် အခက်အခဲများကိုမိမိတို့ကိုယ်တိုင်က ဖွင့်ဟ ထုတ်ဖေါ်ပြောကြားမှသာနိုင်ငံတကာမှသိရှိနိုင်မည်ဖြစ်သည်။အမှန်တရားနှင့်တရားမျှတမှုကိုမည်သည့်နည်းနှင့်မျှဖုန်းကွယ်ထား၍မရနိုင်ပေ၊လက်ငင်းချက်ခြင်းအကျိုးခံစားမှုရမည်၊မရမည်မှာမသေချာသော်လည်း၊တနေ့တွင်မိမိတို့လိုလားသည့်အမှန်တရားနှင့်တရားမျှတမှု၏ အကျိုးကိုခံစားရမည်မှာသေချာသည်။ တရားမျှတမှုနှင့်အမှန်တရားကို စစ်မှန်သည့်ဒီမိုကရေစီစံနစ်ဖြင့် အုပ်ချုပ်သည့်အစိုးရလက်ထက် တွင် အလွယ်တကူရရှိနိုင်မည်ဖြစ်သော်လည်း၊ စစ်အာဏာရှင်အစိုးရများ၏လက်အောက်တွင်နေထိုင်ရသည့်ကာလများအတွင်း လွယ်ကူစွာမရနိုင်သည်ကိုမိမိတို့အားလုံးသိရှိပြီးဖြစ်သည်။

## လက်ရှိတရားစီရင်ရေးစံနစ် နှင့် မြန်မာနိုင်ငံ

လက်ရှိမြန်မာနိုင်ငံ၏ တရားစီရင်ရေးစံနစ်သည် တရားဥပဒေစိုးမိုးရေးကိုအထောက်အကူပြုသည့် တရားစီရင်ရေးစံနစ်တခုအဖြစ် ပြည်သူများအားကိုး အားထား ပြုနိုင်သလားဆိုသည် ကိုလည်းထည့်သွင်း စဉ်းစားရန်လိုအပ်လာသည်။

လုပ်သားပြည်သူတရပ်လုံးအကြောက်တရားကင်းမဲ့စွာဖြင့် လွတ်လပ်စွာ လှုပ်ရှားသွားလာသက်ရှင် နေထိုင်နိုင်လျှင်တရားဥပဒေစိုးမိုးမှုရှိသည့်နိုင်ငံတနိုင်ငံဟုပြောနိုင်သည်။တရားဥပဒေစိုးမိုးရေးသည်နေ့တဓူဝလှုပ်ရှားနေထိုင်မှုများအတွက်အဓိကအခန်းမှပါဝင်နေ သည်ကိုမည်သူမျှငြင်းကွယ်၍မရနိုင်ပေ၊

ဥပဒေအရတားမြစ်ထားသည့် လူ့အခွင့်အရေးချိုးဖေါက်မှုများကို အဓိက အကာအကွယ်ပေးနိုင်သည့်အရာမှာ တရားရုံးများ၏ အဆုံးအဖြတ် ပင်ဖြစ်သည်။ အမှန်တရား နှင့် တရားမျှတမှု ကို အဓိကဖေါ်ဆောင်ပေးနိုင်ရန် မျှတသောတရားခွင် နှင့် လွတ်လပ်သော တရားစီရင်ရေး တို့မရှိမဖြစ် လိုအပ်သည်မှာလည်းငြင်းပယ်၍မရ။ ထို့အတူ တရားမျှတမှုကိုဖေါ်ဆောင်နိုင်ရန်အတွက်လည်းပြည်သူလူထု၏အခွင့်အရေးများ ကိုချိုးဖေါက် ခွင့်ပြုနေသည့် မတရား ဖိနှိပ်သည့် ဥပဒေများ၊အမိန့်များကိုလည်း ပယ်ဖျက်ပစ်ရန်လည်းလို အပ်သည်။

မျှတသောတရားခွင်၊လွတ်လပ်သောတရားစီရင်ရေးစံနစ်တို့ပေါ်ပေါက်လာစေရန်နှင့်မိမိတို့၏အခြေခံအခွင့်အရေးများအပြည့်အဝရရှိနိုင်စေရန်အတွက် အနိမ့်ဆုံးလိုအပ် သည့်အခြေခံအချက်များမှာ
အရည်အချင်းပြည့်မီသည့်တရားသူကြီးများကိုခန့်ထားရန်လိုအပ်သည်။ အရည်အချင်းပြည့်မီ သည့်တရားသူကြီးဟုဆိုရာတွင် မိမိသင်ကြားတတ်မြောက်ခဲ့သည့်ပညာရပ်အပေါ်တွင်ရဲဝံ့စွာ ရပ်တည်၍ မှုခင်းဖြစ် ရပ်များကိုရင်ဆိုင်ဖြေရှင်းနိုင်မည့်သူကိုဆိုလိုသည်။ထိုသို့စစ်ဆေးစီရင်ရာတွင်သာမန်အားဖြင့်စုံစမ်းစစ်ဆေးရန်လိုအပ်သည့်အချိန်ကာလမှတပါး မိမိစစ်ဆေး စီရင် သည့်အမှုကို နှောင့်နှေး ကြန့်ကြာမှုမရှိစေပဲ စစ်ဆေးစီရင် ဆောင်ရွက်ရန်လိုအပ်သည်။ အဆိုပါတရားသူကြီးသည်ထိုက်သင့်သည့်လူ့အခွင့်အရေးဆိုင်ရာပြဌာန်းချက်များကိုသိနားလည်သည့်သူဖြစ်စေရမည်။ မှုခင်းများကိုစစ်ဆေးစီရင်ရာတွင် အဓိကအဆုံးအဖြတ်ပေးမည့်တရားသူကြီးသည် တဖက်အမှုသည်ထံမှ လာဘ်စားမှုများ၊ဘက်လိုက်မှု များကိုမပြုလုပ်ရန်လိုအပ်သည်။
အမှုအားစစ်ဆေးစီရင်မည့်တရားသူကြီးသည် အာဏာရ နိုင်ငံရေးပါတီများနှင့် ကင်းရှင်းမှု ရှိရန်လိုအပ်သည်။ သို့မှသာ ထိုသူ၏ အဆုံးအဖြတ်ကို ပြည်သူများက အလေးထား ယုံကြည် ကြမည်ဖြစ်သည်။ ယနေ့မြန်မာနိုင်ငံ၏လက်ရှိအခြေအနေအရ နအဖ စစ်အစိုးရ၏ လုပ်ဆောင်မှုများကို ဆန့်ကျင်ဆောင်ရွက်သူ အဖြစ် တရားစွဲဆိုခြင်းခံရသူများ ၏မှုခင်းများ အားစစ်အစိုးရ၏ ညွှန်ကြားချက်ဖြင့် သက်ဆိုင်ရာတရားရုံးများမှ တရားခံများကို အမြင့်ဆုံးအပြစ်ဒဏ်များချမှတ်ခြင်းခံနေရသည်မှာ မငြင်းကွယ်နိုင်သည့်ကိစ္စဖြစ်သည်။

မစုစုနွေးအားမတရားအမှုဆင်၍ကျေးရွာအာဏာပိုင်များကတရားစွဲဆိုသည့် အမှုတွင်ဆုံးဖြတ်ခဲ့သည် တရားသူကြီးမှာ အခြားသူ မဟုတ်ပါ၊ ဟသ်ာတမြို့နယ်အုပ်ပုံကျေးရွာမှ ဦးခင်ဇော် နှင့် ဦးအုံးမြင့် တို့

အမှုကို အာဏာပိုင်များအလိုကျ ဥပဒေပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြု၍ စစ်ဆေးစီရင် ဆောင်ရွက်ပေးခဲ့သည့်တရားသူကြီး ဒေါ် ဌေးဌေးဝင်း ပင်ဖြစ်သည်။

## ရဲနှင့်အစိုးရအာဏာပိုင်တို့၏ စွက်ဖက်မှု

စစ်တပ်နှင့်ဒေသဆိုင်ရာအာဏာပိုင်များရဲများ၏ တရားစီရင်ရေးတွင် ဝင်ရောက်စွက်ဖက်မှုများကို တရားစွဲဆိုရေးဆိုင်ရာ ဥပဒေအရာ ရှိများနှင့်မှုခင်းများကိုစစ်ဆေးစီရင်ဆုံးဖြတ်နေသည့် တရားသူကြီးများ နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရသည်မှာ လက်ရှိမြန်မာနိုင်ငံ၏ တရားစီရင်ရေးစံနစ်တွင် ငြင်းကွယ်၍မရပေ၊ ဥပမာအားဖြင့်

> မွန်ပြည်နယ်သံဖြူဇရပ်မြို့နယ်ရှိ မွန်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်တဦးဖြစ်သူ နိုင်စိန်အေးအား ၂၀၀၅ ခုနှစ် ဇူလိုင်လ တတိယ ပတ်အတွင်းက အမှတ် (၄) တပ်မတော် လေ့ကျင့်ရေးကျောင်း မှ ဗိုလ်မှူးခင်မောင်ဇော်ဆိုသူက ဖမ်းဆီး၍ ရဲစခန်းတွင်ရက်ပေါင်းများစွာ အကြောင်းပြချက် တစုံတရာမရှိပဲ ချုပ်နှောင်ထားပြီး၊ တရားရုံးသို့ သက်သေ အထောက်အထား ခိုင်လုံမှုမရှိပဲ တရားစွဲဆိုတင်ပို့ခဲ့သည်။ ထို့အပြင် ခိုင်လုံသည့် သက်သေ အထောက်အထား မတင်ပြနိုင်ပဲပြင်းထန်သည့်ပြစ်ဒဏ် ချမှတ်ပေးရန် မြို့နယ်တရားသူကြီးဒေါ်ဝင်းဝင်းဌေးအား (၃)ကြိမ်တိုင်ညွှန်ကြားခဲ့သည်။ တရားသူကြီးဖြစ်သူ ဒေါ်ဝင်းဝင်းဌေးက သက်သေအထောက် အထားမခိုင်လုံပဲအပြစ်မပေးလိုပေသည့်အတွက် မွန်ပြည်နယ် တရားရုံးသို့သူမ၏ နှုပ်ထွက်စာ ကိုတင်သွင်း၍ တရားသူကြီးအဖြစ်မှနှုပ်ထွက်ခဲ့လေသည်။[၁]

တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များတွင် အစိုးရအာဏာပိုင်အဖွဲ့အစည်းများ၊ မှ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များတွင်ဝင်ရောက်စွက် ဖက်ခြင်းကို ကာကွယ်တားမြစ်ရန်လိုအပ်သည်။ စစ်အစိုးရ၏ ခြိမ်းခြောက်မှုများမရှိစေပဲ၊ တရားသူကြီးများအတွက် လိုအပ်သည့် လုပ်ငန်းခွင်လုံခြုံမှုများရှိမှသာလျင် လွတ်လပ်သည့် တရားစီရင်ရေး ကို ဖေါ်ဆောင်လာနိုင်မည်ဖြစ်သည်။ ထို့အပြင်အောက်တရားရုံးများ၏ မှားယွင်းဆုံးဖြတ်ချက်များကို သုံးသပ်၍ ပြင်ဆင်သင့်သည်ကိုပြင်ဆင်ခြင်း၊ တရားခံဖြစ်သူ၏အခွင့်အရေးဖြစ်သည့် ဥပဒေနှင့်အညီ၊ ပြင်ဆင်ခွင့်၊ အယူခံခွင့်ပေးခြင်း၊ လိုအပ်သည့်စာရွက်စာတမ်းမိတ္တူများကူးယူခွင့်ပြုခြင်း စသည်တို့ကို အချိန်မကြန့်ကြာစေပဲ ဆောင်ရွက် ပေးရန်လိုအပ်သည်။ တရားရုံးတရုံးရုံး၏ မှုခင်းစစ်ဆေး ဆောင်ရွက်မှုများကိုပြည်သူအများသိရှိနိုင်စေရန် ဥပဒေမှတားမြစ်ထားသည့် မှုခင်းများမှတပါး ဥပမာ၊ တရားခံ၏ ဂုဏ်သိက္ခာကိုထိခိုက်စေသည့် မုဒိန်းမှု၊ အရွယ်မရောက်သေးသူတို့၏ မှုခင်းများမှတပါးအများပြည်သူများ၏ရှေ့မှောက်တွင် လွတ်လပ်စွာ စစ်ဆေး စီရင် သည့်တရားရုံးဖြစ်ရန် လိုအပ်သည်။သို့မှသာ အများပြည်သူကတရားရုံး၏ဆောင်ရွက်မှုများကိုလေ့လာသုံးသပ်နိုင်မည်ဖြစ်သည်။

တရားစီရင်ရေးအာဏာသည်ထင်သလိုသုံးရန်ကိုယ်ပိုင်အာဏာမဟုတ်၊ အများအကျိုးနှင့်အမှန်ကို ဖြစ်စေရန် ပြည်သူကယုံကြည်အပ်နှင်းထားသောအာဏာဖြစ်သည်ကို မပြတ်သတိချပ်ရန်လိုသည်၊ တာဝန်မကျေ စည်းကမ်း မစောင့်၊ ကျင့်ဝတ်များနှင့်မညီသော တရားသူကြီးများကို ပြည်သူကလေးစား ယုံကြည်မည်မဟုတ်ပေ၊ အမှုကိုစစ်ဆေးစီရင်ရသောတရားရုံးများအနေဖြင့်အမှန်တရားကိုအစွမ်းကုန်ထုတ်ဖေါ်၍ ထိုအမှန်တရားပေါ်တွင် အခြေပြုကာ ဆုံးဖြတ်စီရင်ရန်အရေးကြီးသည်။

ထို့အပြင်မှုခင်းများတွင်အမှန်တရားဖက်မှလိုက်ပါ၍သက်သေထွက်ဆိုသူတို့၏လုံခြုံရေးကိုလည်း အလေးထား ၍ဆောင်ရွက်ပေးရန်လိုသည်။ မစုစုနွေးအားကျေးရွာအာဏာပိုင်များကတရားစွဲဆိုသည့်အမှုတွင် မစုစုနွေးဖက်မှ လိုက်ပါ၍ သက်သေထွက်ဆိုပေးသည့်သူများ၊မစုစုနွေးအားတရားရုံးသို့လာရောက်ရန် အကူအညီပေးသူများအား တရားသူကြီး ဒေါ်ဌေးဌေးဝင်း အပါအဝင်အာဏာပိုင်များ၊ရဲများက အညှိုးထား၍ တုန့်ပြန်ဂလဲ့စားချေသဖြင့် ကျန်သက်သေများ တရား ရုံးသို့လာရောက်ရန်၍

---

၁။ မွန်လူ့အခွင့်အရေးဖေါင်ဒေးရှင်း၏ သတင်းလွှာ ၃၁၊ ဩဂုတ်လ ၂၀၀၅ ခုနှစ်။

သက်သေထွက်ဆိုရန်ကြောက်ရွံ့ခဲ့ရလေသည်။
တရားရုံးသည်ပြည်သူများကြောက်လန့်ရမည့်နေရာမဟုတ်၊အမှန်တရားအတွက်ယုံကြည်အားထားလောက်သည့်နေရာဖြစ်ရန်လိုသည်။ တရားရုံး နှင့် တရားစွဲအဖွဲ့အစည်းတို့၏ မှားယွင်းဆောင်ရွက်မှုများကိုထိန်းညှိ နိုင်စေရန် နှင့် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများသို့ဆက်သွယ်နိုင် ရန် လွတ်လပ်သော သတင်းမီဒီယာ ဆက်သွယ်ခွင့်လည်းရှိရန်လိုအပ်ပေသည်။

**တရားမျှတမှုနှင့် နစ်နာမှုများအတွက်ကုစားခွင့်များ။**

***လူတဦးတယောက်၏နစ်နာမှုကိုနစ်နာကြေးငွေပေးယုံမျှ နှင့် လုံလောက်မှုရှိပါသလား၊***

လူတဦးတယောက်သည်မိမိအား အဓမ္မ အခွင့်အရေး ကျူးလွန်ခံရမှု နှင့်ပတ်သက်၍ ငွေကြေးပေးလျော်ယုံမျှ နှင့်ပြီးပြည့်စုံသည့်ကုစားမှု ကိုရရှိသည်ဟုမဆိုနိုင်ပါ။ လူတဦးတယောက်အတွက် တန်ဖိုးထားသည်း လူ့ဂုဏ်သိက္ခာသည်မည်သည့်အရာနှင့်မျှ အစားထိုးလဲလှယ်ရ နိုင်မည်မဟုတ်ပါ။

> ဥပမာ မစိုးစိုး၏အမှုတွင် တရားစွဲဆိုသူမစိုးစိုးသည် သာမန်အားဖြင့် ကြည့်လျှင် ဆင်းရဲနွမ်းပါး သူတဦးသာဖြစ်သည်။ နစ်နာကြေးအဖြစ် ပေးသည့် သိန်း (၆၀) မှာ သာမန်တနေ့ လုပ်မှ တနေ့ စားရသူအတွက် မက်လောက်သည့် ငွေကြေးပမာဏဖြစ်သည်။ ငွေမရှိသော်လည်း မိမိ၏ဂုဏ်သိက္ခာ အတွက် ရင်ဆိုင်တိုက်ပွဲဝင်ခဲ့သည့်မစိုးစိုးကဲ့သို့ ကိုယ်ကျိုးစွန့်၍ မိန်းမသားများအတွက် ရင်ဆိုင်တိုက်ပွဲဝင်သည်ကို မိမိတို့အသိအမှတ်ပြုရန်လိုသည်။ တနေ့လုပ်မှတနေ့ စားရသူအနေဖြင့် ရှေ့နေအကျိုးဆောင်ကိုပင် မိမိစိတ်တိုင်းကျငှားရမ်းရန်ငွေကြေး တတ်နိုင်ခြင်း မရှိသူက တဖက်အမှုသည် ရဲများ၏ ခြိမ်းခြောက် မှုများကြားမှ အမှုကိုလက်တွေ့ကျကျ ရင်ဆိုင်ဖြေရှင်းခဲ့သည်ကို မိမိတို့အနေ ဖြင့် လျစ်လျူရှု၍မရနိုင်ပေ။ ထိုနည်းတူ အမှတ်တရားပေါ်ပေါက်ရေး အတွက် လိုအပ်သည့် ဆေးဖက်ဆိုင်ရာ သက်သေခံအထောက်အထား များကို အမှန်အတိုင်းဖတ်ကြားတင်ပြခဲ့သည့်ဒေါက်တာဒေါ်ရင်ရင်စိုး၏ဆေးဖက်ဆိုင်ရာသက်သေခံချက် သည်လည်း အမှုမှန်ပေါ်ပေါက်ရေးအတွက် အဓိကအထောက်အကူပြုသည့် အခန်းမှပါဝင်ခဲ့သည်။ ထိုသို့သက်ဆိုင်သူများ ကပူးပေါင်းဆောင်ရွက်မှသာလျှင်အမှန်တရားကိုရှာဖွေရာတွင်လွယ်ကူမည်ဖြစ်သည်။
> ပြစ်မှုကျူးလွန်သူဟုယူဆရသည့် ရဲဝန်ထမ်း (၂) ဦးကိုအပြစ်ပေးယုံမျှနှင့် မစိုးစိုး၏ နစ်နာမှုကို ကုစားနိုင်ပြီလားဟုမေးလျှင်မကုစားနိုင်သေးပါဟုသာရိုးသားစွာဖြေဆိုရမည်ဖြစ်ပါသည်။နစ်နာသူအတွက်ပြီးပြည့်စုံသည့်တရားမျှတမှုကိုသင်မည်သည့်အခါမှရှာဖွေတွေ့နိုင်လိမ့် မည်မဟုတ်ပါ။

သို့သော် တရားမျှတမှု နှင့် အမှန်တရားကိုဖေါ်ဆောင်ရာတွင် အဓိက အခန်းမှ ပါဝင်သည့် ခိုင်မာ ကောင်းမွန်သည့် တရားစီရင်ရေးစံနစ် ရှိလျှင် တရားစွဲအဖွဲ့အစည်းများ နှင့်မှုခင်းများကို စစ်ဆေးစီရင်သည့် တရားသူကြီးများ၏လုပ်ငန်း လုံခြုံမှုကိုစီမံဆောင်ရွက်နိုင်ပြီဆိုလျှင်၊ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးကို ထိရောက်စွာအာမခံသော ခိုင်မာ သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိခဲ့လျှင်၊ မတရားဖမ်းဆီးမှု၊ မတရားခိုင်းစေမှု၊ အပါအဝင်အခြားသော လူ့အခွင့် အရေး ကိုထိပါးသည့်မှုခင်းများကို ကာကွယ်တားဆီးသွားနိုင်မည် ဖြစ်သည်။ ထို့ကြောင့်ယခုအချိန်သည် နိုးကြား စွာဖြင့် လူ့အခွင့်အရေးဆိုင်ရာချိုးဖေါက်မှုများကိုတားဆီးနိုင်စေရန် မျှတသောတရားခွင်နှင့် လွတ်လပ်သည့် တရား စီရင်ရေးစံနစ်ပေါ်ပေါက်လာရန် အထူးအလေးထားလုပ်ဆောင်ရန်လိုအပ်နေပြီဖြစ်သည်။
မိမိ၏အရေးကိစ္စမဟုတ်၍အလေးမထားသင့်၊မိမိ၏အကျိုးအတွက်မဟုတ်သော်လည်းအများ၏အကျိုးအတွက်ဆောင်ရွက်သင့်သည့်ကိစ္စဖြစ်ပါက မိမိအနေဖြင့် အလေးထားလုပ်ဆောင်ရမည့်အချိန်ကာလဖြစ်ကြောင်းအသိပေးလိုပါသည်။

အမှန်တရား နှင့် တရားမျှတမှု အတွက် မျှတသောတရားခွင် နှင့် လွတ်လပ်သော တရားစီရင်ရေးကိုဖေါ်ထုတ်ကြ။